# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 9 , 2023 Volume 72, Number 7

၉.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၈ US$ |
| မြန်မာ့ရွှေဈေး | = ၃၅၀၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၃၂၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၈.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၂.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၁၃၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ စားသုံးသူရေးရာဦးစီးဌာန၏ အင်္ဂါနေ့ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြား



၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၊ (၁၃:၃၀) နာရီအချိန်တွင် နေပြည်တော်၊ ရုံးအမှတ် (၅၂)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် အင်္ဂါနေ့ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲ၌ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်ဇင်ဝင်းက မြန်မာ့ကော်ဖီထုတ်လုပ်မှုနှင့် ကုန်သွယ်မှုအခြေအနေခေါင်းစဉ်ဖြင့် ကော်ဖီသီးနှံ၏ အရေးပါမှု၊ ကော်ဖီသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီနှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်နေမှု၊ ကမ္ဘာ့ကော်ဖီထုတ်လုပ်မှုနှင့် တင်ပို့မှု အခြေအနေ၊ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်မှု၊ တင်ပို့မှု၊ ပြည်တွင်းပြည်ပ ကော်ဖီဈေးကွက်နှင့် ဈေးနှုန်းအခြေအနေ၊ မြန်မာ့ကော်ဖီကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် ကော်ဖီပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အကြံပြုတင်ပြချက်များဖြင့် ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးထိုက်က ကမ္ဘာ့ကော်ဖီဈေးကွက်နှင့် အာဆီယံဒေသ ကော်ဖီဈေးကွက် အခြေအနေများကို ဖြည့်စွက်ရှင်းလင်း ဆွေးနွေးပါသည်။

ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဝန်ထမ်းများ အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးပွဲများအား အပတ်စဉ်ကျင်းပသွားရန်၊ ဆွေးနွေးပွဲများသို့ ရုံးချုပ်မှ ဝန်ထမ်းများသာမက တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ထမ်းများပါ Online ဖြင့် ပါဝင်တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ ပြည်တွင်း/ပြည်ပတွင် မြန်မာ့ကော်ဖီများ ဈေးကွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ပို့ကုန်တိုးမြှင့်နိုင်ရေး အတွက် ပို့ကုန်လိုင်စင်များအား လျင်မြန်စွာထုတ်ပေးသွားရန်နှင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားမှုများ အတွက်လည်း ဝန်ကြီးဌာနမှချမှတ်ထားသော ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ အင်္ဂါနေ့ဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၁၉၅) ဦး တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို (၁၄:၅၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်၊ ရုံးအမှတ် (၅၂)၊ စားသုံးသူရေးရာဦးစီးဌာန၌ ဖွင့်လှစ်ထားရှိသည့် Consumer Call Center ၌ စားသုံးသူတိုင်ကြားမှုများအား တယ်လီဖုန်းအမှတ် 1535 ဖြင့် လက်ခံဆောင်ရွက်နေမှုကို စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

Source: https://commerce.gov.mm

## ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလအတွင်း ကင်းမွန်ပိသာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလအတွင်း ကင်းမွန် ပိသာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးဝင်းက ပြောပြ၍သိရသည်။ ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်စက်တင်ဘာ လအတွင်းက ကင်းမွန်ပိသာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး အောက်တိုဘာလ ၁ ရက် မှ ၃၁ ရက်ထိ ကင်းမွန်ပိသာချိန် ၇၁၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရကြောင်း သိရသည်။

"ဖျာပုံကနေ ပြီးခဲ့တဲ့ စက်တင်ဘာလ တစ်လအတွင်းကထက် အောက်တိုဘာလထဲမှာ ကင်းမွန်ပိသာချိန် ၂၁၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိ နိုဝင်ဘာလထဲမှာလည်း ကင်းမွန်တွေအဝင်များပြီး အရင်ကထက် ပိုမိုတင်ပို့ရောင်းချနေရ ပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်ရှိတဲ့ ကင်းမွန်တွေကို ရန်ကုန်ဈေးကွက်ကိုအဓိက တင်ပို့ရောင်းချလျက်ရှိပါတယ်။ အခုပြည်ပ ဈေးကွက်ကနေ ကင်းမွန်တွေ အဝယ်လိုက်လာတယ်လို့ သိရတယ်။ ပြည်ပဈေးကွက် အဝယ်ကောင်းလာရင် အခုထက် အရောင်းအဝယ်သွက်လာဖို့သာရှိတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးဝင်း က ပြောပြသည်။

အဆိုပါ ကင်းမွန်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေကြောင်း၊ ကင်းမွန်များကို ရန်ကုန်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

https://myantrade.gov.mm

## ဆီးသီးပေါ်ါစ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီးသည် ဆီးပင်များပေါများစွာ ပေါက်ရောက်ပြီး များသောအားဖြင့် အလေ့ကျပေါက်ရောက်ကာ လယ်စည်းရိုး၊ အိမ်ခြံစည်းရိုးအဖြစ်လည်း စိုက်ပျိုးကြပါသည်။ ဆီးသီးပေါသော အညာမြေတွင် ဆီးသီးကိုအခြေခံသည့် Value Added

ထုတ်ကုန်များလည်း ထုတ်လုပ်ကြပါသည်။ ဆီးသီးကို ဆီးယို၊ ဆီးပြား၊ ဆီးတော်ဖီ၊ ဆီးဖျော်ရည်နှင့် အလှကုန်များတွင်လည်း ထည့်သွင်းထုတ်လုပ်ကြတာကို တွေ့ရှိရသည်။ ယခုရက်ပိုင်း အချို့ဒေသများတွင် ဆီးသီးစတင်ပေါ်ထွက်လာပြီဖြစ်ရာ ပေါ်ဦးပေါ်ဖျား မှာပင် ဈေးကောင်းရနေပါသည်။ ဆီးဆံသည်လည်း ဆေးဖော်ရာတွင်လည်းကောင်း၊ အလှကုန်ထုတ်ကုန်တွင်လည်းကောင်း အသုံးပြုကြသဖြင့် ပြည်ပဈေးကွက် အခိုင်အမာရရှိနေသည့် သီးနှံလည်းဖြစ်ပါသည်။

ဆီးသီးသည် အကုန်အသုံးဝင်သည့်သီးနှံဖြစ်၍ ဆီးသီးအသားကို ယိုလုပ်ငန်းနှင့်ဖျော်ရည်လုပ်ငန်းတွင်အသုံးပြုပြီး ဆီးခွဲခြမ်းကို ပဲကြော်လုပ်ငန်းမှ လောင်စာအဖြစ်အသုံးပြုကြပါသည်။ ဆီးသီးကို ကြိတ်ခွဲပြီးထွက်ရှိလာသော ဆီးဆန်ကိုလည်း မန္တလေးမှ တစ်ဆင့် တရုတ်သို့အဓိကတင်ပို့နေပြီး အချို့နိုင်ငံများမှ အမှာရှိလျှင်ရှိသလို တင်ပို့ရောင်းချရပါသည်။

၂၀၂၁ ခုနှစ်တွင် ဆီးသီးအစိုတစ်တင်းလျှင် ၁၅၀၀ကျပ်၊ ဆီးသီးအခြောက်တစ်တင်းလျှင် ၂၀၀၀ ကျပ်၊ ၂၀၂၂ခုနှစ်တွင် ဆီးသီးအစို တစ်တင်းလျှင် ၃၇၀၀ကျပ်၊ ဆီးသီးအခြောက်တစ်တင်းလျှင် ၄၅၀၀ ကျပ်၊ ယခုနှစ် ၂၀၂၃ ခုနှစ်တွင် ဆီးသီးအစို တစ်တင်းလျှင် ပေါ်စမှာပင် ၆၀၀၀ ကျပ်ဈေးအထိရရှိနေသည့်အတွက် ဆီးသီးတောင်သူများ ဝင်ငွေကောင်းမည့်နှစ်ဖြစ်မည်ဟု မျှော်မှန်းရပါသည်။

Source: **မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## နိုဝင်ဘာအတွက် သင့်တင့်မျှတသော ဆန်ဈေးနှုန်းဖြင့်ရောင်းဝယ်ရန် ဆန်စပါးအသင်းချုပ် တိုက်တွန်းထား

အသင်းဝင်ကုမ္ပဏီများ၊ ဆန်စက်ပိုင်များ၊ ဆန်ကုန်သည်များအနေဖြင့် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းအတိုင်း နိုဝင်ဘာလအတွက် ဆန်ဈေးနှုန်းများဖြင့် ရောင်းဝယ်ရန် တိုက်တွန်းကြောင်း နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။


နိုဝင်ဘာလအတွက် သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းများအား ထုတ်ပြန်ခဲ့ပြီး ဧည့်မထအုပ်စု ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၅၈၀၀၀ မှ ၆၀၀၀၀၊ ၁၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ မှ ၆၂၀၀၀၊ ၁၀-၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၆၂၀၀၀ မှ ၆၄၀၀၀၊ ရေမာင်း၊ ရေပဒေသာ၊ အထူးဧည့်မထအုပ်စု ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ မှ ၇၀၀၀၀၊ ၁၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၅၀၀၀၊ ၁၀-၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ မှ ၈၀၀၀၀၊ ရေဝတီ ပေါ်ဆန်းမွှေး ၁၀-၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ ဖြင့် ဈေးနှုန်းသတ်မှတ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အသင်းဝင်ကုမ္ပဏီများ၊ အသင်းဝင် ဆန်စက်ပိုင်/ဆန်ကုန် သည်များအတွက် ၂၀၂၃ မိုးစပါးပေါ်ချိန်တွင် သင့်တင့်မျှတသော စပါးဈေးနှုန်းဖြင့် ဝယ်ယူရေးဆောင်ရွက်ရန် ရည်ညွှန်းစပါးဈေးနှုန်းများကို စက်တင်ဘာ ၂၁ ရက်တွင် အသိပေးကြေညာခဲ့သည်။

ဆန်စပါးသိုလှောင်မှုနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အသိပေးကြေညာချက်နှင့်အညီ သိုလှောင်ရုံများ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရန်လိုအပ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်းသိရသည်။

**Source: https://t.me/sdtimedaily**

## ရူဘယ်-ကျပ် တိုက်ရိုက်ပေးချေရန် ရုရှား Evrofinance Mosnarbank ကို ရွေးချယ်ထား




ရုရှား-မြန်မာနှစ်နိုင်ငံအကြား ရူဘယ်-ကျပ် တိုက်ရိုက်ပေးချေနိုင်ဖို့ လုပ်ငန်းဆောင်ရွက်ခွင့်ရတဲ့ဘဏ်အဖြစ် ရုရှားဗဟိုဘဏ်က Evrofinance Mosnarbank ကို နိုင်ငံကိုယ်စားပြုဘဏ်အဖြစ် ရွေးချယ်ထားကြောင်း သိရှိရပါတယ်။

မနေ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနဲ့ ရုရှားရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ရော့စ်ကွန်ဂရက်တို့ တွေ့ဆုံခဲ့ပြီး နှစ်စ်နိုင်ငံအကြား နိုင်ငံသုံးငွေကြေးနဲ့ကုန်စည်များ (သို့မဟုတ်)

ငွေကြေးပုံစံနှစ်မျိုးနဲ့ အသုံးပြုနိုင်တဲ့ ကုန်စည်တွေ ချိတ်ဆက်ကာ ငွေကြေးတန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။

နှစ်ဖက်ဆွေးနွေးမှုအတွင်း ရုရှားဘက်က ရွေးချယ်ထားတဲ့ Evrofinance Mosnarbank နဲ့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကနေ သတ်မှတ်ရွေးချယ်မဲ့ နိုင်ငံပိုင်/ပုဂ္ဂလိကဘဏ်များမှ ငွေပေးချေမှုနဲ့စာရင်းရှင်းလင်းမှု ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်တွေလည်း ပါဝင်ခဲ့ပါတယ်။

ရုရှားငွေကြေး ရူဘယ်အပါအဝင် တရုတ်ငွေကြေးယွမ်နဲ့ အိန္ဒိယငွေကြေးရူပီးတို့ကို အမေရိကန်ဒေါ်လာ အစားထိုးဆောင်ရွက်ပါက မိမိတို့နိုင်ငံတွေအနေနဲ့ ငွေကြေးအနိုင်ကျင့်ခံရမှု အခက်အခဲတွေကို ကျော်လွှားနိုင်မယ်လို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အရှေ့ဖျားစီးပွားရေးဖိုရမ် ၂၀၂၂ မှာ ပြောကြားထားပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ရုရှားသုံးငွေကြေး ရူဘယ်နဲ့မြန်မာကျပ်ငွေ တိုက်ရိုက်ပေးချေနိုင်ဖို့ MIR ကတ်ကို အသုံးပြုခြင်းဖြစ်ပြီး ရုရှားကနေ ရေနံနဲ့အခြားသောထွက်ကုန်တွေ တင်သွင်းမှုအတွက် အဓိကပေးချေဖို့ ရည်ရွယ်ထားပုံ ရပါတယ်။

MIR Card System အသုံးပြုမှုအတွက် ပြည်တွင်းပုဂ္ဂလိဘဏ် ၆ ခုက ပါဝင်ဆောင်ရွက်ဖို့ သဘောတူထားတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး (MIFER) ဝန်ကြီး ဒေါက်တာကံဇော်က ပြောကြားထားပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ရူဘယ်-ကျပ် တိုက်ရိုက်ပေးချေမှုအတွက် သဘောတူညီချက်မရခင်ကတည်းက ဒေါ်လာအသုံးပြုမှု လျှော့ချကာ ရုရှားကလက်ခံပေးတဲ့ တရုတ်ယွမ်ငွေနဲ့ လောင်စာဆီတင်သွင်းမှုများအတွက် ပေးချေခဲ့တယ်လို့ သိရှိရပါတယ်။

**Source: BETV Business**

## ပဲစင်းငုံအဓိကတင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မိုဇမ်ဘစ်နိုင်ငံမှ တင်သွင်းမှုများ နှောင့်နှေးကြန့်ကြာနေသောကြောင့် အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံဈေးနှုန်းများမြင့်တက်လျက်ရှိ

အိန္ဒိယနိုင်ငံသို့ တင်ပို့မည့် ပဲစင်းငုံမက်ထရစ်တန် ၁၅၀,၀၀၀ ထက်မနည်းကို မိုဇမ်ဘစ်နိုင်ငံရှိ ဆိပ်ကမ်းများတွင် နှောင့်နှေးလျက်ရှိကြောင်း၊ လွန်ခဲ့သည့်ရက်သတ္တပတ်အနည်းငယ်အတွင်း ရောင်းချသူများထံမှ အများအပြားတောင်းဆိုမှုများ ရှိခဲ့သော်လည်း အကောက်ခွန်ဌာန၏ခွင့်ပြုချက်ရရှိရေးအတွက် စောင့်ဆိုင်းနေရသည်ဟု ပဲလုပ်ငန်းမှတာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင်ဖော်ပြထားပါသည်။

ကမ္ဘာ့အကြီးဆုံးပဲစင်းငုံထုတ်လုပ်သူနှင့် စားသုံးသူဖြစ်သည့် အိန္ဒိယနိုင်ငံသည် ဇန်နဝါရီလတွင် ကောက်ပဲသီးနှံသစ်များ မရိတ်သိမ်းမီ တစ်နှစ်တာ၏နောက်ဆုံးသုံးလပတ်အတွင်း ပြည်ပမှတင်သွင်းမှုအပေါ် မှီခိုနေရကြောင်းနှင့် အိန္ဒိယနိုင်ငံ ပဲစင်းငုံတင်သွင်းမှု၏ ထက်ဝက်ကျော်သည် မိုဇမ်ဘစ်နိုင်ငံမှဖြစ်ကြောင်း၊ တင်ပို့မှုနှောင့်နှေးခြင်းသည် အိန္ဒိယတွင် စားသုံးမှုအများဆုံးပွဲတော်ရာသီတွင် ပဲဟင်းချက်လုပ်ရန် အသုံးပြုသည့် ပရိုတင်းဓာတ်ကြွယ်ဝသော ပဲစင်းငုံကို ဈေးနှုန်းမြင့်တက်စေခဲ့ကြောင်း သိရသည်။

ပဲစင်းငုံများကို ဆိပ်ကမ်းအခြေစိုက်ဂိုဒေါင်များတွင် သိမ်းဆည်းထားရသဖြင့် ရောင်းချသူများသည် သိုလှောင်မှု စရိတ်စကများကို ပေးဆောင်နေရပါကြောင်း၊ လုပ်ထုံးလုပ်နည်းအရ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများရှိသော်လည်း မိုဇမ်ဘစ်အကောက်ခွန်ရုံးက ခွင့်ပြုချက်မပေးသကဲ့သို့ အကြောင်းပြချက်လည်း ပြောကြားခြင်းမရှိပါကြောင်းနှင့် ကွန်တိန်နာ အလုံး ၂၀၀ ခန့်မှာ ဆိပ်ကမ်းများတွင်ပိတ်မိနေသည်ဟု မိုဇမ်ဘစ်နိုင်ငံအခြေစိုက် Ma'aden Saudi Arabia ၏ ဒေသတွင်း လုပ်ငန်းခွဲဖြစ်သော MozGrain Lda မှ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Suhas Chougule က ပြောကြားခဲ့သည်။

အိန္ဒိယ၏ဈေးကွက်အတွင်း ပဲလျှော့နည်းသည့်ကာလတွင် တင်သွင်းမှုများနှောင့်နှေးခြင်းကြောင့် ၂ လအတွင်း လက်ကား ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ ယခုလတွင် ကျင်းပပြုလုပ်မည့် ပြည်နယ်ရွေးကောက်ပွဲများနှင့် လာမည့်နှစ်အစောပိုင်းတွင် ကျင်းပပြုလုပ်မည့် နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲများမတိုင်မီ အစားအစာ ဈေးနှုန်းကြီးမြင့်မှုတို့ကို အစိုးရအနေဖြင့် ကြုံတွေ့နေရကြောင်း၊ သို့သော်လည်း ပဲစင်းငုံတင်သွင်းသူအနည်းငယ်သည် အိန္ဒိယသို့ ပဲစင်းငုံတန်ချိန် ၅၀,၀၀၀ တင်ပို့ခွင့်ကို ရရှိထားကြောင်း ကုန်သည်များက ပြောကြားထားသည်ကို တွေ့ရှိရသည်။

Reuters ၏မေးမြန်းမှုအပေါ် မိုဇမ်ဘစ်စိုက်ပျိုးရေးဝန်ကြီးဌာနက ဖြေကြားရာတွင် အကောက်ခွန်လုပ်ငန်းစဉ်တွင် ကုန်ပစ္စည်းများအတွက် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်များ ၄၀၀ ခန့်မှာ အတု သို့မဟုတ် သံသယဖြစ်ဖွယ် တွေ့ရှိပြီးနောက် ယင်းလုပ်ငန်းစဉ်များကို စက်တင်ဘာ ၂၂ ရက်မှစတင်၍ ရပ်နားထားခဲ့မှုကို ထုတ်ပြန်ကြေညာထားပြီး ဖြစ်ကြောင်း၊ သို့ရာတွင် အောက်တိုဘာလတွင် လိုင်စင်များကို ပြန်လည်ထုတ်ပေးလျက်ရှိကြောင်း ပြောကြားထားသည်။

အိန္ဒိယနိုင်ငံတွင် ပဲအဓိကစိုက်ပျိုးသည့်ဒေသများ၌ ဩဂုတ်လနှင့်အောက်တိုဘာလများတွင် မိုးရွာသွန်းမှုလျော့နည်းပြီးနောက် ပဲစင်းငုံအထွက်နှုန်းသည် ၂၀၂၃-၂၀၂၄ ရာသီတွင် အထွက်နှုန်းကျဆင်းမည်ဟု ခန့်မှန်းထားကြပြီး ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ပဲစင်းငုံတန်ချိန် ၁ ဒသမ ၂ သန်း တင်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ယခင်နှစ်တင်သွင်းမှု တန်ချိန် ၈၉၄,၄၂၀ ထက် ပိုမိုမြင့်တက်လာခြင်းဖြစ်သည်ဟု အစိုးရက ခန့်မှန်းထားကြောင်း သိရှိရသည်။

မွမ်ဘိုင်းအခြေစိုက်ပဲမျိုးစုံတင်သွင်းသူ Satish Upadhyay က တင်ပို့မှုနှောင့်နှေးမှုများကြောင့် မကြာသေးမီရက်များ အတွင်း တစ်တန်လျှင် ဒေါ်လာ ၁၀၀ ဈေးမြင့်တက်ခဲ့ကြောင်း၊ ပြည်တွင်းအထွက်နှုန်းနည်းသဖြင့် ပဲစင်းငုံလိုအပ်ချက် ရှိနေ သည်ကို မိုဇမ်ဘစ်နိုင်ငံမှသိရှိထားပြီး အခြေအနေများကို အခွင့်ကောင်းယူနေကြသည်ဟု ပြောကြားထားသည်။

ပြီးခဲ့သောလတွင် အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာအတွင်းရေးမှူး Rohit Kumar Singh နှင့် နယူးဒေလီရှိ မိုဇမ်ဘစ်၏ မဟာမင်းကြီး Ermindo A. Pereira တို့ကြား တွေ့ဆုံမှုအတွင်း ပဲစင်းငုံတင်ပို့မှုနှောင့်နှေးခြင်းအပေါ် စိုးရိမ်ကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ တွေ့ဆုံမှုအတွင်း Pereira က အိန္ဒိယသို့ ပဲစင်းငုံတင်ပို့မှု ချောမွေ့စွာစီးဆင်းမှုရှိစေရန် လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း အိန္ဒိယအစိုးရ၏ အောက်တိုဘာ ၂၇ ရက် ထုတ်ပြန်ချက်အရ သိရသော်လည်း မိုဇမ်ဘစ်နိုင်ငံ၏အခြေအနေမှာ မပြောင်းလဲသေးကြောင်း၊ မိုဇမ်ဘစ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုအတွက် ပဲစင်းငုံလိုအပ်ချက်ရှိမှုအခြေအနေအပေါ် အကျိုးအမြတ်ရရှိစေရန်အတွက် တင်ပို့မှုများကို ကြန့်ကြာအောင်ဆောင်ရွက်နေသည်ဟု အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်းဥက္ကဋ္ဌ Bimal Kothari က ပြောကြားထားသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ၎င်းတို့၏ အဓိကလယ်ယာစိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ဆန်၊ ဂျုံနှင့်သကြားတို့၏ တင်ပို့မှုများကို ကန့်သတ်ထားရှိ သော်လည်း ၎င်းတို့အတွက် အဓိကလိုအပ်သည့် မတ်ပဲ၊ ပဲစင်းငုံများတင်သွင်းမှုများအတွက် တင်ပို့သည့်နိုင်ငံတွင် နှောင့်နှေး ကြန့်ကြာမှုများရှိပါက ဈေးကစားခြင်းများဆောင်ရွက်သည်ဟု ပြောဆိုခြင်းများမကြာခဏတွေ့ရှိရပါသည်။ ပြီးခဲ့သည့် နှစ်တွင်လည်း မြန်မာနိုင်ငံမှ မတ်ပဲနှင့်ပဲစင်းငုံတင်ပို့မှုများတွင် ကုန်များအားရောင်းချခြင်းမပြုဘဲ သိုလှောင်ဈေး ကစားသည်ဟု စွပ်စွဲပြောကြားခြင်းများရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ပဲအထွက်နှုန်း ကျဆင်းသဖြင့် မြန်မာနိုင်ငံမှ မတ်ပဲနှင့်ပဲစင်းငုံအတွက် ဈေးကွက်အခွင့်အလမ်းကြီးမားစွာရှိသော်လည်း ရေရှည်ဈေးကွက် အခွင့်အလမ်း ကိုလည်း ကြည့်ရှုဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**Source: India pigeon pea imports from top supplier Mozambique delayed, lifting prices, The Economic Times, 8 November 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

## လာမည့်နှစ်တွင် ဆန်တန်ချိန် နှစ်သန်း အင်ဒိုနီးရှား တင်သွင်းမည်

အင်ဒိုနီးရှားနိုင်ငံပိုင် စားနပ်ရိက္ခာဝယ်ယူရေးကုမ္ပဏီ Bulog က အစိုးရ၏ လာမည့်နှစ် ဆန်တင်သွင်းမှုခွဲတမ်းမှာ တန်ချိန် နှစ်သန်း သတ်မှတ်ထားပြီး ယခုနှစ်ခွဲတမ်း တန်ချိန် ၃ ဒသမ ၈ သန်းထက် လျော့နည်းသွားကြောင်း ပြောကြားသည်။

သို့သော် တန်ချိန် နှစ်သန်းသည် လျာထားချက်ဖြစ်ပြီး ပြည်တွင်းမှ ရောင်းလိုအားနှင့် ဝယ်လိုအားတို့အပေါ် မူတည်ပြီး အတိုးအလျော့ ရှိနိုင်သည်ဟု  Bulog ၏ ကော်ပိုရိတ်အတွင်းရေးမှူး Awaludin Iqbal က ပြောကြားသည်။




ဆင်းရဲနွမ်းပါးသူများကို ဆန်ဈေးနှုန်း မြင့်တက်ခြင်းမှ ကာကွယ်ရန်အတွက် ဝင်ငွေနည်းအိမ်ထောင်စု ၂၂ သန်းအား ဆန်ထောက်ပံ့သည့် လစဉ်ဆန်လက်ခွဲ အစီအစဉ်သည် လာမည့်လတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ အင်ဒိုနီးရှားအစိုးရက ၂၀၂၄ ခုနှစ် ဇွန်လအထိ သက်တမ်းတိုးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

"ဆန်ဈေးမကျသေးတာကြောင့် အစီအစဉ်ကို သက်တမ်းတိုးဖို့ ဆုံးဖြတ်ခဲ့ပါတယ်" ဟု ကုန်သွယ်ရေးဝန်ကြီး Zulkifli Hasan က သတင်းထောက်များအား ပြောကြားခဲ့သည်။

အယ်နီညို ရာသီဥတုပုံစံနှင့် ဆက်စပ်နေသော မိုးခေါင်ရေရှားခြင်းကြောင့် စပါးရိတ်သိမ်းမှု ထိခိုက်ခဲ့သဖြင့် ဆန်ဈေးမြင့်တက်လျက်ရှိသည်။

သမ္မတဂျိုကိုဝီဒိုဒိုက အောက်တိုဘာလကုန်တွင် ဆန်ဈေးသည် ၁၉ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလအတွင်း အင်ဒိုနီးရှား၏ ဆန်တင်သွင်းမှုသည် မက်ထရစ်တန် ၁ ဒသမ ၇၉ သန်း ရှိခဲ့သည်။ Bulog အရန်ဆန်လက်ကျန်သည် နိုဝင်ဘာလဆန်းတွင် မက်ထရစ်တန် ၁ ဒသမ ၄ သန်းရှိနေသည်ဟု စာရင်းထုတ်ပြန်ပါသည်။

**Source: Reuters**

**https://www.foodindustrydirectory.com.mm/**

## မလေးရှားတွင် အနိမ့်ဆုံး စပါးဈေး တိုးမြှင့်သတ်မှတ်




၂၀၂၄ ခုနှစ် ဘတ်ဂျက်တွင် ကြေညာထားသည့် စပါးအနိမ့်ဆုံးဈေး မက်ထရစ်တစ်တန်လျှင် ရင်းဂစ် ၁၃၀၀ သို့ တိုးမြှင့်သတ်မှတ်လိုက်သည်။

ယခင်က စပါးတစ်တန် ရင်းဂစ် ၁,၂၀၀ မှ ယခု ရင်းဂစ် ၁,၃၀၀ သို့ တိုးပေးလိုက်သည်။ Alor Setar မှ ၃၅ နှစ်အရွယ် လယ်သမား Mohd Farid Ahmad က "တိုးပေးလိုက်တာက ကြီးကြီးမားမားမဟုတ်ပေမဲ့ လယ်သမားတွေကို စပါးစိုက်ဖို့ စရိတ်စကတွေကို အတိုင်းအတာတစ်ခုအထိ ကာမိအောင်တော့ ကူညီပေးတယ်"ဟု ပြောကြားသည်။

"ရင်းဂစ် ၁၅၀၀ အထိ တိုးပေးရင် ပိုကောင်းမယ်။ စပါးစိုက်ဖို့ ကုန်ကျစရိတ်တွေက မြင့်တက်နေချိန်မှာ လယ်သမားတွေအသက်ရှူပိုချောင်မယ်" ဟု Mohd Farid က ပြောကြားသည်။ သူက စပါး ၂ ဟက်တာခန့် စိုက်ပျိုးသည်။

**Source: Bernama**

https://www.foodindustrydirectory.com.mm/

# STOCK EXCHANGE (9.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,530 (Shares) | 17,351,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,600 | 8,600 | 8,600 | 1,000 | 8,600,000 | 33,109,694 | 284,743 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,850 | 1,008 | 2,885,700 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 1 | 7,900 | 10,400,986 | 82,168 |
| FPB | 00004 | 1,600 | -100 | -5.88% | 1,600 | 1,600 | 1,600 | 3,121 | 4,993,600 | 29,664,613 | 47,463 |
| TMH | 00005 | 2,450 | -100 | -3.92% | 2,450 | 2,450 | 2,450 | 96 | 235,200 | 12,823,224 | 31,417 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 255 | 510,000 | 19,977,223 | 39,954 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,800 | 39 | 70,200 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 9th Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.37 | -2.35 | -0.64% | 366.74 | 367.37 | 365.71 | 5,530 | 17,351,600 | 8 | 692,927 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 5,530 (Shares) | 17,351,600 (MMK) |

### Main Board

As of 1:00 pm, 9th Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,530 (Shares) | 17,351,600 (MMK) |

| MYANPIX | 367.37 ▼ 2.35 |
|---|---|
| Total Volume (shares) | 5,530 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 692,927 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,600 | ▼ 100 |
| TMH | 00005 | 2,450 | ▼ 100 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 50 |